ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၁၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးဟန်သိန်းလွင် (ဒါရိုက်တာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Futrue Energy Co.,Ltd.<br>Ahlone Tower, Riverview Garden Housing, Strand Road,<br>Ahlone Township, Yangon, Myanmar.<br>ဖုန်း-၀၉ ၂၅၅၁၁၂၀၂၃ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၂၅) ကီလိုမီတာအကွာ |
| (စ) | **စီမံကိန်းတည်နေရာ** | - ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၂၅) ကီလိုမီတာအကွာ။ |
| (ဆ) | ECC သက်တမ်း (၅)နှစ် | - စတင်ထုတ်ပေးရက် - ၁၆-၉-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၅-၉-၂၀၂၉ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | - လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၏ ၂-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃၇၁/၉၆/ရေ-ပြည့်ဖြိုး/စီမံရေး (လျှပ်စစ်) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ"** |



ဒြဲ ၃.၁၀.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာ မူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Future Energy Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Future Energy Co.,Ltd. မှ ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အနောက်တောင်ဘက် (၂၅) ကီလိုမီတာအကွာ ဘီလူးချောင်းပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်းအတွက် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၏ ၂-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃၇၁/၉၆/ရေ-ပြည့်ဖြိုး/ စီမံရေး (လျှပ်စစ်) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း Resource & Environment Myanmar Co.,Ltd (REM) မှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဟန်သိန်းလွင်၊ ဒါရိုက်တာ၊ Futrue Energy Co.,Ltd.၊ Ahlone Tower, Riverview Garden Housing, Strand Road, Ahlone Township, Yangon, Myanmar၊ ဖုန်း- ၀၉ ၂၅၅၁၁၂၀၂၃ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် စီးပွားဖြစ်လည်ပတ်ခြင်းကို ၂၀၁၄ ခုနှစ်တွင်စတင်လည်ပတ်ခဲ့ပါကြောင်း၊ စီမံကိန်း၏အဓိကအစိတ်အပိုင်းများမှာ (၁) ရေလွှဲတမံ (Weir)၊ (၂) ရေယူအဆောက်အဦ (Inlake)၊ (၃) ရေသွယ်ဥမင် (Headrace Tunnel) နှင့် ချဉ်းကပ်ဥမင်များ (Adits Tunnel)၊ (၄) ရေထိန်းကန် (Head Pond)၊ (၅) ဖိအားမြင့်ပိုက်လိုင်း (Penstock) နှင့် ဓာတ်အားပေးစက်ရုံ (Powerhouse) တို့ ဖြစ်ကြောင်း၊ ဘီလူးချောင်းအမှတ် (၂) ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပြီးနောက် ထုတ်လွှတ်သောရေအားလုံးသည် ဘီလူးချောင်းအမှတ် (၃) ဓာတ်အားပေးစက်ရုံ၏ ရေရယူသည့်စနစ်သို့ စီးဝင်သောကြောင့် အမှတ် (၂) စက်ရုံနှင့်အပြိုင် တစ်ချိန်တည်းလည်ပတ်သည့်စနစ်ဖြစ်ကြောင်း၊ စက်ရုံ၏ စက်တပ်ဆင်မှုအင်အားမှာ ၅၂ မဂ္ဂါဝပ် ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်စွမ်းအင်ပမာဏ ၃၃၄ ယူနစ်သန်း ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းပမာဏသည် အမှတ် (၂) ဓာတ်အားပေးစက်ရုံ၏ အများဆုံး ရေထုတ်လွှတ်မှုနှုန်း ၄၇.၆ $m^3$/sec (ပျမ်းမျှ ၃၉.၅ $m^3$/sec) နှင့် အမှတ် (၂) ဓာတ်အားပေးစက်ရုံအနီးရှိ ဘီလူးချောင်းနှင့် လောပိတရေတံခွန်မှ စီးဝင်သောဖြည့်စွက်ရေထုပမာဏ ၃.၄ $m^3$/sec စုစုပေါင်း ၅၁ $m^3$/sec မှ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်စွမ်းအင်ပမာဏဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ဘိလပ်မြေ တန် (၁၈၃,၉၅၈) ခန့်၊ Shotcrete တန် (၃၀,၅၆၅) ခန့်၊ ဒီဇယ်ဂါလန် (၁,၁၃၁,၇၈၇.၃၃) ခန့်နှင့် Deformed Bar တန် (၂၁,၄၁၁.၇၁) ခန့် တို့ကိုအသုံးပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအင်အား (၃၆၂) ဦးဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက်လိုအပ်သောရေကို


ဘီလူးချောင်းမှ ရယူအသုံးပြုမည်ဖြစ်ပြီး ဂါလန် (၃၁,၅၀၀) ခန့်ဆံ့သော ရေသိုလှောင်ကန်ဖြင့် သိုလှောင်၍ ဝန်ထမ်းအိမ်ရာများသို့ ပိုက်များဖြင့် ချိတ်ဆက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ စီမံကိန်းတွင်ပါဝင်သော အဓိကအစိတ်အပိုင်းများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| | Matric System |
|---|---|
| Type of Project | Weir, Headrace Tunnel |
| Catchment Area | 3.105 Spuare miles/8.042 $km^2$ |
| Average Annual Rainfall | 1092 mm (43 inches) |
| Average Annual Discharge | 1423 $ft^3$/sec |
| Weir | |
| Type | Reinforced Concrete, Ogee Type |
| Flow | 120 $ft^3$/sec |
| Headrace Tunnel | |
| Type | Non-Pressure Concrete Lining, Horse Shoe Shape |
| Shape | Horse Shoe |
| Diameter | 4.9 m |
| Length | 4300 m |
| Flow | 1800 $ft^3$/sec |
| Head Pond | |
| Type | Reinforced Concrete |
| Storage Capacity | 50,000 $m^3$ |
| Penstock | |
| Type | Surface Type |
| Diameter | 3.8 m |
| Length | 188 m |
| Spillway | |
| Type | Side Channel Spillway, Ogee Shape |
| Design Discharge | 1800 $ft^3$/sec |
| Power House | |
| Type | Surface Type |
| Turbine | Vertical Shaft Francis Turbine |
| Turbine Discharge | 51 $m^3$/sec |

| | |
|---|---|
| Total Head | 122.8 m |
| Install Capacity | 52 MW (26 MW×2 Unit) |
| Design Annual Generation | 334 GWh |
| Investment Cost | 125 MUSD |
| Construction Period | 2008–2013 |

၅။ **စီမံကိန်းတည်နေရာ။** ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၂၅) ကီလိုမီတာအကွာရှိ ဘီလူးချောင်းပေါ်တွင် တည်ရှိပါသည်။

Future Energy Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်း၏ တည်နေရာပြမြေပုံ




**Legend**

Baluchaung (3), HHP (3)

## Future Energy Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်း၏ Layout Plan







Figure 4-4 Locations of the Project Buildings of the BLC-3 Hydropower Project

## Future Energy Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်း၏ Waterway Profile Of The BLC-3 Hydropower Project



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ အဆိုပြုစီမံကိန်းသည် Future Energy Co.,Ltd. မှ ၅၂ မဂ္ဂါဝပ် ဘီလူးချောင်း (၃) ရေအား လျှပ်စစ်စီမံကိန်း၏ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၏ ၂-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၃၇၁/၉၆/ ရေ-ပြည့်ဖြိုး/ စီမံရေး (လျှပ်စစ်) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် စီးပွားဖြစ်လည်ပတ်ခြင်းကို ၂၀၁၄ ခုနှစ်တွင်စတင်လည်ပတ်ခဲ့ပါကြောင်း၊ စီမံကိန်း၏အဓိကအစိတ်အပိုင်းများမှာ (၁) ရေလွှဲတမံ (Weir)၊ (၂) ရေယူအဆောက်အဦ (Inlake)၊ (၃) ရေသွယ်ဥမင် (Headrace Tunnel) နှင့် ချဉ်းကပ်ဥမင်များ (Adits Tunnel)၊ (၄) ရေထိန်းကန် (Head Pond)၊ (၅) ဖိအားမြင့်ပိုက်လိုင်း (Penstock) နှင့် ဓာတ်အားပေးစက်ရုံ (Powerhouse) တို့ဖြစ်ကြောင်း၊ ဘီလူးချောင်းအမှတ် (၂) ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပြီးနောက် ထုတ်လွှတ်သောရေအားလုံးသည် ဘီလူးချောင်းအမှတ် (၃) ဓာတ်အားပေးစက်ရုံ၏ ရေရယူသည့်စနစ်သို့ စီးဝင်သောကြောင့် အမှတ် (၂) စက်ရုံနှင့်အပြိုင် တစ်ချိန်တည်း လည်ပတ်သည့်စနစ်ဖြစ်ကြောင်း၊ စက်ရုံ၏ စက်တပ်ဆင်မှုအင်အားမှာ ၅၂ မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်စွမ်းအင်ပမာဏ ၃၃၄ ယူနစ်သန်း ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းပမာဏသည် အမှတ် (၂) ဓာတ်အားပေးစက်ရုံ၏ အများဆုံးရေထုတ်လွှတ်မှုနှုန်း ၄၇.၆ $m^3$/sec (ပျမ်းမျှ ၃၉.၅ $m^3$/sec) နှင့် အမှတ် (၂) ဓာတ်အားပေးစက်ရုံအနီးရှိ ဘီလူးချောင်းနှင့် လောပိတရေတံခွန်မှ စီးဝင်သော ဖြည့်စွက်ရေထုပမာဏ ၃.၄ $m^3$/sec စုစုပေါင်း ၅၁ $m^3$/sec မှ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်စွမ်းအင်ပမာဏဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် စက်ရုံနေရာနှင့် အနီးတစ်ဝိုက်တွင် မကြာခဏ ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၂) ဆောက်လုပ်ရေးပစ္စည်းကိရိယာများနှင့် စီးစက်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၃) စွမ်းအင်ချွေတာ၍ လေထုညစ်ညမ်းမှုလျော့နည်းစေသော စက်နှင့် စက်ပစ္စည်းများကိုသာ အသုံးပြုရန်၊

(၄) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေဆီလွှာ၊ ကျောက်၊ သဲ သို့မဟုတ် ကျောက်စရစ်များ ဖိတ်ကျခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ပစ္စည်းများကို စနစ်တကျဖုံးအုပ်၍ သယ်ဆောင်ခြင်းများ ဆောင်ရွက်ရန်၊

(၅) ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ချိန်တွင် ထွက်ရှိသော မြက်ခင်းပြင်မှ ဆောက်လုပ်ရေးစွန့်ပစ်ပစ္စည်းများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်၊

(၆) ဖုံထူထပ်သောနေရာများတွင် လုပ်ငန်းဆောင်ရွက်နေသော ဆောက်လုပ်ရေးအလုပ်သမားများကို တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များ ထောက်ပံ့ပေးရန်၊

(၇) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် သက်တမ်းကုန်ဆုံးနေသော ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုခြင်းအား ရှောင်ကြဉ်ရန်၊

(၈) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် မော်တော်ယာဉ်အသုံးပြုမှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့ကို ပုံမှန်စစ်ဆေးရန်၊

(၉) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှထွက်ရှိလာသောရေများအား ပြင်ပသို့ တိုက်ရိုက်စွန့်ထုတ်ခြင်းမပြုဘဲ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ သန့်စင်ဆောင်ရွက်ပြီးမှ စွန့်ပစ်ရန်၊

(၂) ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် စွန့်ပစ်အမှိုက်များကို မြေဆီလွှာအောက်တွင် မြှုပ်နှံခြင်းနှင့် မြစ်အတွင်းသို့ စွန့်ပစ်ခြင်းတို့ကို တင်းကြပ်စွာတားမြစ်ရန်၊

(၃) စွန့်ပစ်ဆီနှင့် အရည်စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာစည်းကမ်းချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ပစ်ရန်၊

(၄) နွံ့ရေနှင့် စွန့်ပစ်ဆီများ မြစ်အတွင်းသို့ ကျရောက်ခြင်းကြောင့် ရေညစ်ညမ်းမှု ဖြစ်ပေါ်နိုင်သဖြင့် ဆောက်လုပ်ရေးမော်တော်ယာဉ်များ သို့မဟုတ် စက်ကိရိယာများကို အမြင့်နေရာမှ ရေဆေးခြင်းကို ရှောင်ကြဉ်ရန်၊

(၅) ရေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ဆေးကြောရေများကို လျှော့ချသုံးစွဲရန်၊

(၆) ရေကြီးရေလျှံမှုဖြစ်ပေါ်ချိန်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ရန် ကုန်းမြင့်ဒေသများတွင် ဓာတုဗေဒပစ္စည်းများ၊ စက်ကိရိယာများနှင့် ဆောက်လုပ်ရေးပစ္စည်းများ သိမ်းဆည်းခြင်းကို ရှောင်ကြဉ်ရန်၊

(၇) ပစ္စည်းသိုလှောင်ခန်းတွင် သိမ်းဆည်းထားသော ပစ္စည်းများကို စနစ်တကျ ဖုံးအုပ်ထားရန်နှင့် ပစ္စည်းများသိုလှောင်ထားသည့် နေရာတစ်ဝိုက်တွင် ရေနုတ်မြောင်းများ တူးဖော်ထားရှိရန်၊

(၈) လောင်စာဆီနှင့် ဆီယိုစိမ့်ခြင်းမှကာကွယ်၍ ရေထုညစ်ညမ်းမှုလျော့နည်းစေရန်အတွက် စက်များ၊ စက်ကိရိယာများ၊ ယာဉ်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၉) ရေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ယာယီဆောက်လုပ်ရေးစခန်းအတွက် အခြေခံသန့်ရှင်းရေးပစ္စည်းများနှင့် ယာယီအိမ်သာတို့ကို စီမံခန့်ခွဲသည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

( င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော ပိုလျှံသောမြေနှင့် ကျောက်များကို သတ်မှတ်ထားသောနေရာများတွင် စုပုံထားရှိရန်၊

(၂) စီမံကိန်းဧရိယာအတွင်း ယာယီဆောက်လုပ်ရေးစခန်းစီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၃) မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်စေသည့် လောင်စာဆီနှင့် ဆီယိုစိမ့်မှုမရှိစေရန်အတွက် စနစ်တကျဆောင်ရွက်ရန်၊

(၄) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော မြေဆီလွှာပျက်စီးသည့်နေရာများကို ပြန်လည်ပြုပြင်ရန်နှင့် မြေကျင်းများကို ပြန်လည်မြေဖို့ပေးခြင်း၊ မြေညှိခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ရှိပစ္စည်းများကို စနစ်တကျ အမှတ်အသားပြုလုပ်၍ ထုပ်ပိုးသိမ်းဆည်းရန်၊

(၆) လောင်စာဆီများကို သယ်ယူပို့ဆောင်ရာတွင် ကွန်တိန်နာများ အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လောင်စာဆီများထုတ်ယူအသုံးပြုပြီးသည့်နေရာများကို ဆေးကြောရာမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို စနစ်တကျသန့်စင်၍ ရေနုတ်မြောင်းအတွင်းသို့ စွန့်ပစ်ရန်၊

(၇) မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ဆီယိုစိမ့်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် စက်ယန္တရားများနှင့် ယာဉ်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၈) မြေဆီလွှာပျက်စီးမှုလျော့နည်းစေရန်အတွက် လုပ်ငန်းဆောင်ရွက်သည့်နေရာနှင့်လမ်းများ၏ ပြင်ပနေရာများတွင် စက်ကိရိယာများနှင့် ယာဉ်များအသုံးပြုခြင်းအား ရှောင်ကြဉ်ရန်၊

(၉) စီမံကိန်းလည်ပတ်မှုအဆင့်တွင် မြေဆီလွှာကို စောင့်ကြည့်စစ်ဆေးရာ၌ မတော်တဆ ဆီယိုဖိတ်သည့် နေရာများနှင့် အမှိုက်သိမ်းဆည်းသည့် နေရာများအား ပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊

(၁၀) တည်ဆောက်ရေးကာလတွင် စီမံကိန်းဧရိယာအတွင်းရှိ ဓာတ်အားပေးစက်ရုံနှင့် ရေအားလျှပ်စစ်အဆောက်အဦများ၊ ချဉ်းကပ်လမ်းတို့ကို မြေသားတည်ငြိမ်မှုရှိစေရန် လိုအပ်သည့်နေရာများအား Short Crete မှုတ်သွင်းခြင်း၊ မြေထိန်းနံရံများ ထည့်သွင်းတည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများနှင့် Box Culvert တူးဖော်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၁၁) မြေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်နိုင်သည့် အသံဆူညံမှုနှင့်တုန်ခါမှုများလျော့နည်းစေရန်အတွက် ညအချိန်၌ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းအား ရှောင်ကြဉ်ရန်၊

(၂) ဆူညံသံကျယ်လောင်ခြင်းနှင့် တုန်ခါမှုများသော အင်ဂျင်များ၊ စက်ကိရိယာများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များကို ပုံမှန်စစ်ဆေးပြုပြင်ထိန်းသိမ်းရန်၊

(၃) သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ယာဉ်မောင်းများအား အများပြည်သူဖြတ်သန်းသွားလာရာနေရာများတွင် ဆူညံသံများမထွက်ရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(၄) နားကြပ်များနှင့် နားအပိတ်များကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များကို ဆူညံသံထွက်ရှိသည့် နေရာများတွင် လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများအတွက် ထောက်ပံ့ပေးရန်၊

(၅) စက်ယန္တရားများ အသုံးပြုရာတွင် ဆူညံသံသက်သာစေသော စက်များကိုသာရွေးချယ်အသုံးပြုရန်၊

(၆) ရှည်သံနှင့် တုန်ခါမှုကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း မြေသားနှင့် ကျောက်သားများသော နေရာများတွင် လမ်းများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်၊

(၂) စွန့်ပစ်အမှိုက်များကို ကျေးရွာအနီးတွင် စုပုံစွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်နှင့် သင့်လျော်သောနည်းလမ်းဖြင့် သယ်ယူပို့ဆောင်၍ သတ်မှတ်ထားသည့် နေရာတွင်သာ စွန့်ပစ်ရန်၊

(၃) စီမံကိန်းဧရိယာအတွင်း သင့်လျော်သော အမှိုက်ပုံးများကို အသုံးပြု၍ အမှိုက်များအား စနစ်တကျခွဲခြားစွန့်ပစ်ရန်နှင့် အမှိုက်ပုံးများထားရှိသည့် နေရာများအား အညစ်အကြေးထွက်ရှိမှု လျော့နည်းစေရန်အတွက် အမိုးအကာများပြုလုပ်ထားရှိရန်၊

(၄) အိမ်သာ၊ လက်ဆေးဘေစင်နှင့် မိလ္လာကန်များ လုံလောက်စွာထားရှိရန်၊

(၅) နေ့စဉ်ထွက်စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို သတ်မှတ်နေရာများတွင် စုပုံထားရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၆) အလုပ်သမားစခန်းများမှ အမှိုက်များနှင့် စွန့်ပစ်စက်သုံးဆီများအား သတ်မှတ်ထားသည့် စွန့်ပစ်နေရာများသို့ စွန့်ပစ်ရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်များပါ သတ်မှတ်ထားသော တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဇ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား မီးဘေးအန္တရာယ်အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရန်၊

(၃) မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက မီးငြိမ်းသတ်ရန်အတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်များ၊ မီးသတ်ရေကန်များနှင့် သဲပုံးများကို ကြိုတင်စီမံထားရှိရန်၊

(၄) မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၅) အရေးပေါ်အခြေအနေဖြစ်ပေါ်ခဲ့ပါက စုဝေးရန်အတွက် နေရာတစ်ခုသတ်မှတ်ပေးထားရန်၊

(၆) အရေးပေါ်လမ်းကြောင်းများနှင့် တည်နေရာများကို လုပ်ငန်းဆောင်ရွက်သည့်ဧရိယာနှင့် ဝန်ထမ်းအိမ်ရာများတွင် သတ်မှတ်ပေးထားရန်နှင့် ထွက်ပေါက်များပိတ်ဆို့ခြင်းမရှိစေရေးအတွက် စီမံဆောင်ရွက်ထားရန်၊

(၇) မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း ကျယ်ဝန်းသောမြေနေရာများတွင် သစ်ပင်များ စိုက်ပျိုးသွားရန်၊

(၂) စီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ် ဇီဝမျိုးစုံမျိုးကွဲများအား မထိခိုက်စေရန်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သားငါးတိရစ္ဆာန်များ သတ်ဖြတ်ခြင်းတို့အား ရှောင်ကြဉ်ရန်၊

(၃) စီမံကိန်းဧရိယာအတွင်း သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းများဆောင်ရွက်ရန်။

(ည) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်သားများအား ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများတွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ဝိုက်တွင် ခြံစည်းရိုးများ ပြုလုပ်ထားရှိရန်၊

(၃) စီမံကိန်းဧရိယာအတွင်းနှင့် အပြင်ဘက်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးကြိုတင်ကာကွယ်မှုဆိုင်ရာ ဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၄) စီမံကိန်းဧရိယာအတွင်း ယာဉ်အမြန်နှုန်းသတ်မှတ်ထားသော လမ်းညွှန်ချက်ကိုချိတ်ဆွဲထားရှိရန်နှင့် ဆောက်လုပ်ရေးပစ္စည်းများ အတင်အချပြုလုပ်ရာတွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းများအား အချက်ပြပေးရန်တာဝန်ရှိဝန်ထမ်းများ ခန့်ထားပေးရန်၊

(၅) လုပ်ငန်းခွင်အတွင်းနေထိုင်သည့် အလုပ်သမားများအား ညအချိန်တွင် အလင်းရောင် အလုံအလောက် ရရှိစေရေးစီမံဆောင်ရွက်ပေးရန်၊

(၆) တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် Safety Shoe၊ လက်အိတ်များနှင့် အရေးပေါ်ဆေးဝါးများထောက်ပံ့ပေးရန်၊

(၇) အလုပ်သမားများအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၈) မီးဘေးအန္တရာယ်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် မီးလောင်ကျွမ်းလွယ်သော ပစ္စည်းများကို စနစ်တကျသိုလှောင်ထားရှိရန်၊

(၉) လောင်စာဆီများကို ယုံကြည်စိတ်ချရသော ကွန်တိန်နာများတွင် သိမ်ဆည်း၍ ယိုစိမ့်မှု ရှိ/မရှိ ပုံမှန်စစ်ဆေးရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ $PM_{10}$, $PM_{2.5}$, $SO_2$, $NO_2$, Ozone, စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စီမံကိန်းရေိယာအတွင်း ဆူညံသံထွက်ရှိမှုအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, Total Suspended Solids, COD, BOD, Oil and Grease, Total Coliform Bacteria, Total Nitrogen and Total Phosphorous စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၄) မြေအရည်အသွေးနှင့်စပ်လျဉ်း၍ လုပ်ငန်းရေိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်။

(ဍ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်၊

(၂) အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများအား သင်တန်းများပို့ချသင်ကြားပေးထားရန်၊

(၃) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကုသနိုင်ရန်အတွက် လိုအပ်သောဆေးဝါးများ ကြိုတင်စုဆောင်းထားရှိပြီး ရှေးဦးသူနာပြုစုနည်းပြုစု၍ လိုအပ်ပါက နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ပေးရန်၊

(၄) အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ခြင်း၊ ထိခိုက်မှု လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက် သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလား ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက် ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်သည့်ကာလတွင် လေထုအရည်အသွေးစီမံခန့်ခွဲမှုအစီ အစဉ်နှင့်ပတ်သက်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၁၉,၅၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်သည့်ကာလတွင် လေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ် နှင့်ပတ်သက်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅,၀၀၀) ခန့် လျာထားသုံးစွဲ မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းတည်ဆောက်သည့်ကာလတွင် ဆူညံသံစီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၁၀,၇၅၅) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းလည်ပတ်သည့်ကာလတွင် ဆူညံသံစီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်သက်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၅) စီမံကိန်းတည်ဆောက်သည့်ကာလတွင် ရေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၈,၇၁၅) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းလည်ပတ်သည့်ကာလတွင် ရေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ် နှင့်ပတ်သက်၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၃,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် နှစ်စဉ် အမြတ်ငွေ၏ ၂ ရာခိုင်နှုန်းအား လျာထားအသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်။

(တ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

(ထ) **မြင်ကွင်းပသာဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းကြောင့် မြင်ကွင်းပသာဒ အပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အပင်များကို ခုတ်ထွင်ရှင်းလင်းမှုကို လျှော့ချခြင်း၊ သစ်ပင်ကြီးများရှိနေလျှင် ချန်ထားခြင်း၊ ဖြစ်နိုင်လျှင် ရှင်းလင်းခံရသောအပင်များကို လျော်ကြေးပေးခြင်းများ ဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်း လဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူ လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုများ မပြုလုပ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအားသက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၁ အပိုဒ်ခွဲ ၂.၁.၁၀ ပါ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (Electric Power Transmission and Distribution) ပါ စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်များပါ Parameter များနှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) အလုပ်သမားတန်းလျားများ၊ အိမ်သုံး၊ မီးဖိုချောင်သုံးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ရေများ၊ မိလ္လာစနစ်များမှ ထွက်ရှိလာသော စွန့်ထုတ်ရေများနှင့်စီးဆင်းရေများအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များအား တိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) ဓါတ်အစိုင်အခဲများနှင့် အနည်အနှစ်စွန့်ပစ်ခြင်းဆိုင်ရာ စံနှုန်းများနှင့်စပ်လျဉ်း၍ စီမံကိန်း၏ Flue Gas Desulphurization System မှ ထွက်ရှိသည့် အနည်အနှစ်များကို အဆိပ်အတောက်ဖြစ်စေသော ပါဝင်ပစ္စည်းများနှင့် အဏုဇီဝဆိုင်ရာ ပါဝင်ပစ္စည်းများကို လျှော့ချပြီးနောက် မြေဆီလွှာ ဖြည့်စွက်ပစ္စည်း (သို့မဟုတ်) စိုက်ပျိုးရေးသုံးမြေသြဇာအဖြစ် အသုံးပြုခြင်း (သို့မဟုတ်) မြေဖို့

စွန့်ပစ်ခြင်းအား ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၁ အပိုဒ်ခွဲ ၂.၁.၁၀ ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက် တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) ထိတွေ့ဝန်းကျင်လေအရည်အသွေး စံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိတွေ့ဝန်းကျင်လေအရည်အသွေးစံနှုန်းများ သတ်မှတ်ထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် စံနှုန်းများထုတ်ပြန်ခြင်းမပြုမီ ကြားကာလအတွင်း လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းတာချက်ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၈) အနီးပတ်ဝန်းကျင်ရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အနီးပတ်ဝန်းကျင် ရေအရည်အသွေးဆိုင်ရာ စံနှုန်းများထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်၊

(၉) သောက်သုံးရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမျိုးသားသောက်သုံးရေဆိုင်ရာအရည်အသွေးစံနှုန်းများ၏လမ်းညွှန်ချက်သတ်မှတ်တန်ဖိုးများနှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၁၀) ဆူညံသံစံနှုန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းမှ ဆူညံသံသက်ရောက်မှုသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၃ ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆူညံမှုအဆင့်သတ်မှတ်ချက်များအားကျော်လွန်ခြင်း (သို့မဟုတ်) စီမံကိန်းလုပ်ငန်း၏အပြင်နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့် သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး ဆောင်ရွက်ရန်။

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက်အကျိုးရှိစွာသုံးစွဲကြောင်း သေချာစေရန် သင့်လျော်သော နည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်း

ပစ္စည်းများနှင့် သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သော အစားထိုးပစ္စည်းများရရှိနိုင်ခြင်း ရှိ/ မရှိကို အနည်းဆုံး (၃) နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရှိရမည်။

(ဃ) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) အမှုန် (Particulate Matter) ထွက်ရှိမှုအား ထိန်းချုပ်သည့် Bag Filters များ၏ လုပ်ဆောင်ချက်များ ကောင်းမွန်လုံလောက်မှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းတွင် လေအရည်အသွေးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) တွင် သတ်မှတ်ဖော်ပြထားသည့် သတ်မှတ်စံနှုန်းများထက် ကျော်လွန်မှုမရှိစေရေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်း (သို့မဟုတ်) စက်ပစ္စည်း (သို့မဟုတ်) စက်ယန္တရားတစ်ခုခုပြောင်းလဲသုံးစွဲသည့်အခါ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် မတူကွဲပြားသောနည်းပညာများ၊ အသုံးပြုမည့်ပစ္စည်းများ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းများအစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ကာဗွန်ထုတ်လွှတ်မှုအား ပြန်လည်ဖာထေးသည့်နည်းလမ်းများ (ဥပမာ - သစ်ပင်စိုက်ခြင်း လုပ်ငန်းများ) အား စီမံကိန်းမှဆောင်ရွက်မည့် လူမှုအကျိုးပြုအစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်သို့ ယာဉ်ကြောသွားလာမှုလမ်းကြောင်းတွင် ယာဉ်သွားလာမှုမှထွက်သောအမှုန်နှင့် အခိုးအငွေ့ထုတ်လွှတ်မှုများကို လျှော့ပါးစေရေး အစီအမံများချမှတ်ဆောင်ရွက်ရန်။

(စ) **ရေအသုံးပြုမှုနှင့် စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းချက်များ။** တစ်ဖက်ဖော်ပြပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်ရန်အတွက် (အထူးသဖြင့် အအေးခံ တာဝါများအတွက်) မည်သည့် မြေအောက်ရေ အရင်းအမြစ်ကိုမှ သုံးစွဲခြင်း မပြုရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ရေစီးရေလာကောင်းမွန်စေရန်အတွက် စီမံကိန်း ဧရိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက် ရန်၊

(၃) အဆိုပြုစီမံကိန်းမှ မည်သည့်စွန့်ပစ်ရေကိုမျှ စီမံကိန်းဧရိယာပြင်ပသို့ စွန့်ထုတ်ခြင်း မပြုရန်၊

(၄) FGD စနစ်မှထွက်ရှိလာသည့် စွန့်ပစ်ရေများကို ၎င်းစနစ်အတွင်းသာ ပြန်လည် လှည့်ပတ်အသုံးချရန်နှင့် ၎င်းစနစ်မှထွက်ရှိလာသောမည်သည့် စွန့်ပစ်ရေကိုမျှ စီမံကိန်းဧရိယာပြင်ပသို့ စွန့်ထုတ်ခြင်းမပြုရန်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းလည်ပတ်ရာမှ ထွက်ရှိ လာသော ဆူညံသံများကို ကောင်းမွန်စွာ ထိန်းချုပ်ထားရှိသည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆူညံသံမြင့်မားသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက် ရှိကြသည့် အလုပ်သမားများအတွက် လိုအပ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ပစ္စည်း များ ဖြစ်သည့် နားကြပ်များ၊ နားအုပ်များကို လုံလောက်စွာထားရှိရမည်။

(ဇ) **စွန့်ပစ်ပစ္စည်းများဆိုင်ရာစည်းကမ်းချက်များ။** အပိုဘေးထွက်ပစ္စည်းများအား ပြင်ပသို့စွန့်ပစ်ရန် (သို့မဟုတ်) ရောင်းချရန်လိုအပ်ပါက ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

(ဈ) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိ အစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်း ချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်တို့တွင် ဘေး အန္တရာယ်ရှိ ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် Personal Protective Equipment (PPE) အသုံးပြုရန်၊

(၂) သက်တမ်းကုန်ဆုံးပြီးဖြစ်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ကိုင်တွယ် အသုံးပြုခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းများအား ပညာပေးမည့်အစီအစဉ်များအား ဆောင်ရွက်ရန်၊

(၃) အခြားအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား သီးခြားသတ်မှတ်ထားသော နေရာတွင်သာစွန့်ပစ်ရမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများမှ စိမ့်ထွက်အရည်များ ထွက်ရှိခြင်းကြောင့် မြေအောက်ရေထိခိုက်နိုင်ခြင်းမရှိစေရန်အတွက် စွန့်ပစ်သည့်

နေရာအား Impermeable Layer နှင့် Leachate Collection System များ ထည့်သွင်းတည်ဆောက်၍ စနစ်တကျ စီမံခန့်ခွဲရန်၊

(၄) လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း အန္တရာယ်ရှိပစ္စည်းများအား အသုံးပြုသည့် ပမာဏများနှင့် အသုံးပြုခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်း အစရှိသည့် လုပ်ငန်းများအား မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပြီး ၎င်းမှတ်တမ်းများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် ထည့်သွင်းဖော်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် အန္တရာယ်ရှိပစ္စည်းများ၊ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ မတော်တဆ ဖိတ်စင်မှု/ရောက်ရှိမှု ဖြစ်ပွားပါက အဆိုပါဖြစ်ရပ်အား ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။ ၎င်းဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပွားခဲ့သော ပတ်ဝန်းကျင် (သို့မဟုတ်) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်ရောက်မှုများ၊ ၎င်းသက်ရောက်မှုများအား ကုစားဆောင်ရွက်ချက်များ အစရှိသည့် အကြောင်းအရာများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအတွင်းအသုံးပြုသော ဓာတုပစ္စည်း၊ လောင်စာဆီနှင့် အခြားစက်ဆီများအား မြန်မာနိုင်ငံ၏ စံချိန်စံညွှန်း၊ သတ်မှတ်ချက်များနှင့်အညီ သိုလှောင်၊ စီမံ၊ ကိုင်တွယ်အသုံးပြုရန်၊

(၇) ဓာတုပစ္စည်းနှင့် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်းအား စိတ်ချရသော နေရာ၊ ကန့်သတ်ထားသော နေရာများတွင်သာ ထားရှိရန်၊

(၈) ဓာတုပစ္စည်းနှင့်ဘေးအန္တရာယ်ရှိ ပစ္စည်းများ သိုလှောင်ထားသည့် ကန့်သတ်ထားသောနေရာအား စိုစွတ်သည့် ရာသီ၊ ခြောက်သွေ့သည့်ရာသီများအတွက် ထည့်သွင်းစဉ်းစားရန်၊

(၉) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံကိန်းနှင့် ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် သိုလှောင်၊ စီမံခန့်ခွဲ၍ ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများထံတွင် စွန့်ပစ်ရမည်။ စီမံကိန်းအကောင်အထည်ဖော်သူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ပါဝင်သော အချက်အလက်များနှင့်အညီ စီမံခန့်ခွဲရန် တာဝန်ယူရန်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** တစ်ဖက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအနီးတစ်ဝိုက်ရှိ ဒေသမျိုးရင်းများကို စီမံကိန်းဧရိယာပတ်ပတ်လည်တွင် ပြန်လည်စိုက်ပျိုး၍ စီမံကိန်းဧရိယာတစ်ဝိုက် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရန်။

(၄) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေး နှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် ဝန်ထမ်းများအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပုံမှန်သင်တန်းများ ဆောင်ရွက်ရန်။

(၅) **အရေးပေါ်ဘေးအန္တရာယ်တုံ့ပြန်မှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အထူးသဖြင့် ပူပြင်း၍ခြောက်သွေ့သော နွေရာသီကာလများတွင် မီးအန္တရာယ် ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် လုံလောက်သော မီးဘေးအန္တရာယ်လုံခြုံမှု လုပ်ငန်းများအား ဆောင်ရွက်ထားရှိရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ရာသီအလိုက်ရေကြီးချိန်တွင် အန္တရာယ်ရှိသော ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား ရေနှင့်အတူ မျောပါမှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းယာယီစုပုံရာနေရာများ၊ နောက်ဆုံးစွန့်ပစ်ရာနေရာများကို ကောင်းမွန်စွာ စီမံခန့်ခွဲထားရှိရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် လုပ်သားများအားလုံးအား တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အရေးပေါ်ဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများပေးခြင်း၊ ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများ၊ စက်ပစ္စည်းများအား

ကိုင်တွယ်အသုံးပြုရာတွင် လိုအပ်သော လုပ်ငန်းခွင်သုံး ကာကွယ်ရေးပစ္စည်းများ (PPEs) အား ထောက်ပံ့ပေးရန်၊

(၄) စီမံကိန်းအဆိုပြုသူသည်စီမံကိန်းလုပ်ငန်းလည်ပတ်ခြင်းမစတင်မီတွင်မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်များပါဝင်သော အရေးပေါ်အစီအစဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းအား ရေးဆွဲရန်၊

(၅) အရေးပေါ်အစီအစဉ်တွင် ဝန်ထမ်းများအတွက် သင်တန်းနှင့် ဘေးအန္တရာယ်ဖြစ်နိုင်မှုအား ဖော်ထုတ်ခြင်း၊ လျော့နည်းအောင် ပြုလုပ်ခြင်းနှင့် လျော့နည်းစေခြင်းတို့ ပါဝင်ရန်။

( ၃ ) **ပြုပြင်ထိန်းသိမ်းခြင်းနှင့်စစ်ဆေးမှုခံယူခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် ဘွိုင်လာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နှစ်စဉ်ဘွိုင်လာစစ်ဆေးရေးဌာန၏ စစ်ဆေးမှုကိုခံယူရမည်။

( ဃ ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(၁) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့် အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှု အခြေအနေများ (ဥပမာ – လက်ရှိတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြားချက်များကို ဖြေရှင်းထားရှိမှု အခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီးဌာနသို့ (၆)လ အတွင်း သီးခြား အစီရင်ခံတင်ပြရန်၊

(၂) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၃) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၄) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် ပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ (၁) နှစ်ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(တ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီး ဌာနသို့ အသိပေးတင်ပြခြင်း၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆို ပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရခြင်း၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင် ပြရခြင်း၊

(၈) စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းတည်ဆောက်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း သို့မဟုတ် လုပ်ငန်းပိတ်သိမ်းခြင်းတို့ ကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုကို လျှော့ချရန် သို့မဟုတ် တားဆီးရန် လက်တွေ့ကျသော နည်းလမ်းများနှင့် ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၊

(၉) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကိုလိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ထ) **စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ်တင်ပြရမည်ဖြစ်ပြီး အစီရင်ခံရမည့်ကာလကုန်ဆုံးပြီး နောက် (၃၀) ရက်အတွင်း တင်ပြရမည်။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ဖော်ပြထားသည့် အစီအစဉ်အတိုင်း တင်ပြရန်၊

(၂) စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများတွင် အောက်ပါအချက်များ ထည့်သွင်းဖော်ပြရန်-

(ကက) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

အစီရင်ခံစာပါ အစီအစဉ်အားလုံးကို လိုက်နာဆောင်ရွက်ထားကြောင်း သက်သေခံစာရွက်စာတမ်းများ၊

(ခခ) တင်ပြထားသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် နှိုင်းယှဉ်ဖော်ပြထားသည့် (အစီရင်ခံသည့်အချိန်အထိ) အကောင်အထည်ဖော်ခြင်းလုပ်ငန်းတိုးတက်မှုအခြေအနေ၊

(ဂဂ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားဆောင်ရွက်ရန် အကြံပြုချက်များနှင့် အနာဂတ်တွင် ယင်းအခက်အခဲများကို ရှောင်ရှားရန် သို့မဟုတ် ကြိုတင်ကာကွယ်ရန်အဆင့်များ၊

(ဃဃ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များကို မလိုက်နာသည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်၊ ကုစားဆောင်ရွက်ရန်အဆိုပြုသည့် နည်းလမ်းများနှင့် ကုစားဆောင်ရွက်ရေးလုပ်ငန်းများပြီးစီးရမည့် အချိန်ဇယား၊

(ငင) စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အကျဉ်းချုပ်၊

(စစ) ရှင်းပြချက်များ၊ မှတ်ချက်များပါဝင်သည့် မိမိအစီအစဉ်ဖြင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာများအကျဉ်းချုပ်၊

(ဆဆ) လုပ်ငန်းခွင်နှင့် ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် မတော်တဆမှုများ၊ ဖြစ်ရပ်များ အကျဉ်းချုပ်၊

(ဇဇ) တိုင်ကြားမှုများ၊ နစ်နာစေသည့် အကြောင်းအချက်များ၊ ပြန်လည်ဖြေရှင်းထားရှိမှုများ အကျဉ်းချုပ်၊

(ဈဈ) ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ရေးနှင့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊

(ညည) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ကတိပြုထားသော သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ သို့မဟုတ် အခြားနည်းဖြင့် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာတိုင်းတာရန်အချက် (Parameter) များနှင့် စည်းကမ်းချက်များအား

စောင့်ကြပ်တိုင်းတာသည့် အချက်အလက်များနှင့် ၎င်းရလဒ်များအပေါ် ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့်ဝေဖန်ပိုင်းခြားမှုများ၊

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာတိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ် လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဒ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ် ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ

တွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည့်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးစလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည့်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင် လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်း သည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များ အားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆိုစီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လို အပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ် ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထား များကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည် ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့် နည်းလမ်းဖြင့် မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်၊

(၁၀) ထိတွေ့ဝန်းကျင်လေအရည်အသွေးအားတိုင်းတာရာတွင် အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅ ခုနှစ်၊ ဒီဇင် ဘာလ) တွင် သတ်မှတ်ထားသည့် ပါရာမီတာများဖြစ်သော $NO_2$, $O_3$, $PM_{10}$, $PM_{2.5}$, $SO_2$ ပါရာမီတာ အားလုံးတိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုရန်၊

(၁၁) အများပြည်သူမှ စီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်ချေရှိသော သက်ရောက်မှုများ အပေါ် စိုးရိမ်ကြောင့်ကြမှုများ လျော့ကျစေရန်အတွက် မိုးရာသီတွင် ပထမဦးဆုံး ရွာသွန်းသည့် မိုးရေ၏ချဉ်ငန်ကိန်း (pH Value) အား ကောက်ယူတိုင်းတာရန်၊

(၁၂) စီမံကိန်းအနီးရှိကျေးရွာများ၏ မြေအောက်ရေအရည်အသွေးအား စောင့်ကြည့်တိုင်းတာရာတွင် ဤပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ သောက်သုံးရေအရည်အသွေးဆိုင်ရာ ပါရာမီတာများအား တိုင်းတာဆန်းစစ်ရန်၊

(၁၃) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်ရောက်မှုများဖြစ်သော လုပ်ငန်းခွင် လေအရည်အသွေး၊ ဆူညံသံနှင့် တုန်ခါမှုများအတွက် သက်ရောက်မှုလျော့ပါးစေရေးနည်းလမ်းများ ဆောင်ရွက်ထားရှိမှုများအား သေချာစေရန်အတွက် လုပ်ငန်းခွင်စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်သွားရန်၊

(၁၄) အလုပ်သမားများအားကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၁၅) စီမံကိန်းအဆိုပြုသူမှ စီမံကိန်းအနီးရှိ ကျေးရွာများ၌ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသခံပြည်သူများ သို့မဟုတ် သက်ဆိုင်ရာ ကျေးရွာများမှ ကိုယ်စားလှယ်/စိတ်ပါဝင်စားသူများအား ပါဝင်စေခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ရန်၊

(၁၆) စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင် လိုက်နာဆောင်ရွက်မှုဆိုင်ရာ သက်သေခံလက်မှတ်သက်တမ်း (၅) နှစ်အတွင်း ထိတွေ့ဝန်းကျင် လေအရည်အသွေးတိုင်းတာမှုရလဒ်များကိုစုစည်း၍ ထိုကာလအတွင်း ပြောင်းလဲမှုများကို ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်းခြားမှုများနှင့်အညီ ဆန်းစစ်သုံးသပ်ပြီး ဝန်ကြီးဌာနသို့ သီးခြား အစီရင်ခံစာတစ်ခု အနေဖြင့် သက်သေခံလက်မှတ် သက်တမ်းတိုးမည့်အချိန်တွင် အစီရင်ခံ တင်ပြရန်၊

(၁၇) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စီမံကိန်းမစတင်မီအနီးပတ်ဝန်းကျင် ရေအရည်အသွေးအခြေအနေကိုအခြေခံအဖြစ် ထည့်သွင်းစဉ်းစား၍ အနီးပတ်ဝန်းကျင် ရေထုအား ညစ်ညမ်းမှုရှိ၊ မရှိအား စောင့်ကြပ်ကြည့်ရှုရန်၊

(၁၈) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပြင် တစ်ဖက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရန်-

(ကက) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(ခခ) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(ဂဂ) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ချိုးဖောက်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ အသိပေးအကြောင်းကြားရာတွင် ဆောင်ရွက်ထားပြီးသော လျော့ပါးစေရေးနည်းလမ်းများနှင့် စီမံကိန်းလည်ပတ်မှုတွင် ပြောင်းလဲလုပ်ဆောင်ရန် အဆိုပြုသည့် လုပ်ငန်းများကိုလည်း ရှင်းလင်းဖော်ပြပေးရန်။

**( ဓ ) ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

**( န ) လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့်တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး

စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းတွင်အိမ်ရာပြောင်းရွှေ့ရန်၊ ပြန်လည်နေရာချထားပေးရန် သို့မဟုတ် နေရာရွှေ့ပြောင်းပေးရန် လိုအပ်ပါက စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက အတည်ပြုထားသည့် အစီရင်ခံစာပါ ပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ တောင်းဆိုချက်များသာမက ၎င်းတို့ အမှန်တကယ်လိုအပ်သည့် လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းပေးနိုင်ရန် အတွက် Need-Based Assessment အပေါ် အခြေခံ၍ ဆောင်ရွက်ရန်၊

(၅) ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Township Development Plan) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထပ်မံလိုအပ်နိုင်မည့် လုပ်သားအင်အားခန့်မှန်းချက်များကို အခြေခံ၍ ဒေသခံလူငယ်များအား လိုအပ်သော သင်တန်းများပို့ချပြီး အလုပ်ခန့်အပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများအား ဖန်တီးရန်။

( ပ ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်နေစဉ် ကာလအတွင်းဒေသခံများနှင့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များအတွက်အချက်အလက် ထုတ်ပြန်ရေးအစီအစဉ် တစ်ရပ်ကိုရေးဆွဲ၍ အကောင်အထည်ဖော်ရန်နှင့် ထိုအစီအစဉ်၌ စီမံကိန်း၏ လုပ်ငန်းစဉ်များတွင်

ပြောင်းလဲမှုတစ်စုံတစ်ရာပြုလုပ်ခြင်းကြောင့် သော်လည်းကောင်း၊ ထပ်တိုး လုပ်ဆောင်မှု တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း ဒေသခံပြည်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်း ရှင်းရေးကိစ္စရပ်များအပေါ် သက်ရောက်မှု တစ်စုံတစ်ရာရှိနိုင်မည် ဆိုပါက ဒေသခံများသို့ ကြိုတင်အသိပေး၍ တိုင်ပင်ဆွေးနွေးမည့်အစီအစဉ်ပါဝင်ရန်။

( ဖ ) **အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့် အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှု အခြေအနေများ (ဥပမာ - လက်ရှိတွင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြား ချက်များကို ဖြေရှင်းထားရှိမှု အခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီး ဌာနသို့ (၆) လ အတွင်း သီးခြားအစီရင်ခံတင်ပြရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် တိုင်ကြားမှုနှင့် ပြဿနာစီမံခန့်ခွဲရေးတို့ကို ထိရောက် စွာ ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းထူထောင်၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်-

(ကက) စီမံကိန်းအကျိုးဆက်စပ်သူများထံမှ ဘောင်ဝင်သော တိုင်ကြားချက် များကို စိစစ်သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ (ဘောင်ဝင်သော တိုင်ကြားချက်များတွင် စီမံကိန်းနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသော ကန်ထရိုက်တာ၊ လက်ခွဲကန်ထရိုက်တာ သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးဦးနှင့် သက်ဆိုင် သည့် ကိစ္စရပ်များ၊ ရန်ပုံငွေများကို အလွဲသုံးခြင်းနှင့် အခြားပုံမှန် မဟုတ်သည့် ကိစ္စရပ်များအား တိုင်ကြားခြင်း၊ ပြန်လည်နေရာချထား ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျား/မ တန်းတူညီမျှမှုတို့ အပါ အဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် နစ်နာမှုများကို တိုင်းကြားခြင်း စသည်တို့ ပါဝင်ကြသည်။)

(ခခ) နစ်နာမှုများကို တက်ကြွစွာဖြင့် ကြိုတင်ဖြေရှင်းပေးခြင်း၊

(ဂဂ) ရွေးချယ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်/လုပ်ငန်းကို တိုင်ကြားသူများသို့ အသိပေးအကြောင်းကြားခြင်း၊

(ဃဃ) လက်ခံရရှိသည့် တိုင်ကြားချက် အရေအတွက်၊ ဖြေရှင်းပြီးသည့် တိုင်ကြားချက် အရေအတွက်၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်း၏ အပြီးသတ်အကျိုးရလဒ်များ၊ ရွေးချယ်ဆောင်ရွက်သော ဖြေရှင်းရေးလုပ်ငန်းစဉ်စသည်တို့နှင့်ပတ်သက်၍ အကျဉ်းချုပ်အစီရင်ခံစာများကို အချိန်ကာလအလိုက်ပြုစုခြင်းနှင့် ထိုအစီရင်ခံစာများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖတ်ရှုနိုင်ရေးတင်ပြရန်။

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီနှင့် စီမံကိန်းသက်တမ်း တစ်လျှောက်လုံးအတွက် ဒေသခံပြည်သူများထံမှ တိုင်ကြားချက်များကိုလက်ခံရန်ဖြစ်စေ သို့မဟုတ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘောတူညီထားချက်အရဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားရမည် -

(ကက) လုပ်ငန်းခွင်ရှိ တည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် (၂၄) နာရီခေါ်ဆိုနိုင်သည့် တယ်လီဖုန်း နံပါတ်တစ်ခုထားရှိရန်၊

(ခခ) စာဖြင့်ရေးသားထားသော တိုင်ကြားချက်များကို ပေးပို့နိုင်ရန်အတွက် စာပို့လိပ်စာ တစ်ခုထားရှိရန်၊

(ဂဂ) စီမံကိန်းမှ တိုင်ကြားချက် ဖြေရှင်းပေးမှု အစီအစဉ်များအား အများပြည်သူမှ ကောင်းမွန်စွာ သိရှိနားလည်စေရန်အတွက် စီမံကိန်းအဆိုပြုသူ၏ အင်တာနက် ဝက်ဘ်ဆိုဒ် / Facebook စာမျက်နှာနှင့် စီမံကိန်းအနီးမှ ကျေးရွာများရှိ အများပြည်သူစုဝေးရာ သတင်းအချက်အလက်စင်တာများတွင် ထုတ်ပြန်ထားရှိရန်၊

(ဃဃ) တိုင်ကြားချက်များကို အီလက်ထရောနစ် နည်းလမ်းဖြင့် ပေးပို့နိုင်ရန်အတွက် အီးမေးလ်လိပ်စာ တစ်ခုထားရှိရန်နှင့် တယ်လီဖုန်း နံပါတ်၊ စာပို့လိပ်စာနှင့် အီးမေးလ်လိပ်စာတို့ကို တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီတွင် စီမံကိန်းအဆိုပြုသူ၏ အင်တာနက်ဝက်ဘ်ဆိုဒ် သို့မဟုတ် ပြည်သူများရှင်းလင်းစွာတွေ့မြင်နိုင်သည့် အနေအထားဖြင့် လုပ်ငန်းခွင်၏ အဝင်ဝအနီးတွင် ဆိုင်းဘုတ်တစ်ခုဖြင့် ရေးသားဖော်ပြပေးထားရန်။

(၄) စီမံကိန်းအဆိုပြုသူသည် လက်ခံရရှိသည့် တိုင်ကြားချက်များ အားလုံးကို အောက်ပါအချက်များပါဝင်သော အမြဲဆောင်ရွက်နေသည့် တိုင်ကြားချက်မှတ်တမ်းတင်စာအုပ်ထားရှိရမည့်အပြင် အဆိုပါ တိုင်ကြားချက်မှတ်တမ်းတင်စာအုပ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စစ်ဆေးရန် တောင်းခံလာပါက ပေးအပ်တင်ပြရမည်-

(ကက) တိုင်ကြားသည့် နေ့ရက်နှင့် အချိန်၊

( ခခ ) တိုင်ကြားသည့် နည်းလမ်း၊ (တယ်လီဖုန်း၊ စာ၊ အီးမေးလ်ဖြင့်)

( ဂဂ ) တိုင်ကြားသူက ဖော်ပြထားသော ပုဂ္ဂိုလ်ရေး အသေးစိတ်အချက်အလက်များ၊

(ဃဃ) တိုင်ကြားသည့် အကြောင်းအရာ၊

( ငင ) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက ဆောင်ရွက်ထားသည့် အကောင်အထည်ဖော်မည့် အချိန်ဇယားများပါသော အရေးယူဆောင်ရွက်ချက်၊

( စစ ) တိုင်ကြားချက်နှင့် စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက မည်သည့်လုပ်ဆောင်ချက်မှ ဆောင်ရွက်ထားခြင်းမရှိပါက အဘယ်ကြောင့် မဆောင်ရွက်ရသည်ဟူသော အကြောင်းပြချက်။

( ဗ ) **လုပ်သားများနစ်နာမှု ဖြေရှင်းပေးရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်ဆောင်ရွက်စဉ်အတွင်း လုပ်သားများ၏ တိုင်ကြားချက်/နစ်နာချက်များကို ပြန်လည်ဖြေရှင်းပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ရမည်။ ယင်းတွင် နေရာထိုင်ခင်းအခြေအနေများကြောင့် ထွက်ပေါ်လာသော မကျေနပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရမည်။

(ဘ) **မမျှော်မှန်းနိုင်သော ထိခိုက်မှုများဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းတည်ဆောက်ခြင်း၊ လည်ပတ်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း အဆင့်တစ်ခုခုတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၌ ထည့်သွင်းစဉ်းစားထားခြင်း မရှိသည့် မမျှော်မှန်းနိုင်သော ပတ်ဝန်းကျင်/လူမှုရေး ဆိုင်ရာ အန္တရာယ် သို့မဟုတ် ထိခိုက်မှုတစ်ခုခု ပေါ်ပေါက်လာပါက၊ စီမံကိန်း အဆိုပြုသူသည် ထိုသို့သောအန္တရာယ် သို့မဟုတ် ထိခိုက်မှုဖြစ်ပေါ်သည်နှင့် တပြိုင်နက်ဖြစ်ပေါ်သည့်ကိစ္စရပ်နှင့် အဆိုပြုထားသော ကုစားဆောင်ရွက်ရေးလုပ်ငန်းစီမံချက်တို့ကို အသေးစိတ်ရှင်းလင်းဖော်ပြလျက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

(မ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရမည်။

(ယ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စီမံချက်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ဆက်စပ်သက်ရောက်မှု စီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအစိတ်အပိုင်းအသီးသီးမှ ဆက်စပ်၍ ထပ်တိုးဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ (ဥပမာ-လေထုအရည်အသွေးသက်ရောက်မှုများ)ကို ထိန်းချုပ်မည့် အစီအစဉ်များအား ပြင်ဆင်ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ထိန်းချုပ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်းနှင့်လုပ်ငန်းလည်ပတ်ခြင်းကာလများအတွင်း အခြားသော ထုတ်လွှတ်မှုများလျှော့ချရေးနှင့် ထိန်းချုပ်ရေးနည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ထုတ်လွှတ်မှုထိန်းချုပ်စနစ်များ၊ ကိရိယာများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များအား ပုံမှန်စစ်ဆေးမည့်အစီအစဉ်များ၊ ထုတ်လွှတ်မှုကန့်သတ်ချက်များနှင့် ၎င်းကန့်သတ်ချက်များထက် ကျော်လွန်ထုတ်လွှတ်မှုရှိပါက တုံ့ပြန်ဆောင်ရွက်မည့်နည်းလမ်းများကို ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံမှုနှင့်တုန်ခါမှု စီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်းကာလနှင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလများအတွင်း လုပ်ငန်းများမှ ထွက်ရှိမည့် ဆူညံသံနှင့် တုန်ခါမှုများကို စီမံခန့်ခွဲမည့် နည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၄) ရေအရည်အသွေးစီမံခန့်ခွဲမှုစီမံချက်နှင့် စပ်လျဉ်း၍ ရေရယူသည့်အဆင့်မှ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ လည့်လည်အသုံးပြုခြင်း၊ သန့်စင်ခြင်းမှစွန့်ထုတ်ခြင်းအထိ ရေအရည်အသွေးစီမံခန့်ခွဲခြင်းအတွက် အစီအစဉ်များရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိပစ္စည်းများစီမံခန့်ခွဲမှုစီမံချက်နှင့် စပ်လျဉ်း၍ အမျိုးအစား၊ အတန်းအစားနှင့် အကန့်အသတ်များ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များကို သတ်မှတ်ဖော်ပြရမည်။ ၎င်းစီမံချက်တွင် "အရေးပေါ်

တုံ့ပြန်မှုအစီအစဉ်"(Emergency Response Plan) အား ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၆) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစီမံချက်နှင့် စပ်လျဉ်း၍ ထွက်ရှိသောစွန့်ပစ်ပစ္စည်း(အရည်၊ အစိုင်အခဲ၊ အငွေ့)အမျိုးအစား၊ အတန်းအစားနှင့် ပမာဏများ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များ၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲသည့်နည်းလမ်းများ၊ နောက်ဆုံးစွန့်ပစ်သည့်နည်းလမ်းနှင့် နေရာများအစရှိသည်တို့ကို သတ်မှတ်ဖော်ပြရန်၊ ၎င်းစီမံချက်တွင် စီမံကိန်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲမှုအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၇) ယာဉ်သွားလာမှုနှင့် ယာဉ်ဝင်ရောက်မှုထိန်းချုပ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ ဝင်ရောက်သည့်နေရာများ ကန့်သတ်ခြင်း၊ ပစ္စည်းနှင့်လူများအား သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ကုန်ကြမ်းပစ္စည်းများ (သို့မဟုတ်) စွန့်ပစ်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ စီမံကိန်းအတွင်းသို့ ဝင်ရောက်မှု ထိန်းချုပ်ရေးနည်းလမ်းများအစရှိသည့် စီမံခန့်ခွဲမှုအစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၈) ဒေသခံများကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့် စပ်လျဉ်း၍ ဒေသခံများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ရန် နည်းလမ်းများ၊ အစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့် စပ်လျဉ်း၍ လုပ်သားများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ၊ နေထိုင်စားသောက်မှုပုံစံများ၊ လုပ်ငန်းခွင်အခြေအနေစသည်တို့အတွက် သတ်မှတ်ချက်များပါဝင်သည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်ကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ၎င်းအားရေးဆွဲရာတွင် စီမံကိန်းနှင့်သက်ဆိုင်သည့် နိုင်ငံတကာလမ်းညွှန်ချက်များ (ဥပမာ - အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်း(IFC)၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များ) အား ထည့်သွင်းစဉ်းစားရေးဆွဲပြီး လိုက်နာဆောင်ရွက်ရန်၊

(၁၀) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေး စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုသယံဇာတများအတွက် “မတော်တဆတွေ့ရှိမှု (Chance Find)” လုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းရေး နည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၁) ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အကျိုးဆက်စပ်သူများအား သရုပ်ခွဲဆန်းစစ်ခြင်း၊ ချိတ်ဆက်ပါဝင်စေရေးအတွက် မဟာဗျူဟာရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့်ဖြန့်ဝေခြင်း၊ တိုင်ပင် ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း၊ မကျေနပ်မှုများအား တိုင်ကြားနိုင်မည့် အစီအစဉ်များ၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာ ပူးတွဲစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်ခံရသည့် ဒေသခံများသို့ စဉ်ဆက်မပြတ် အစီရင်ခံခြင်းစသည်တို့ပါဝင်သည့် ဒေသခံများနှင့်ညှိနှိုင်း ဆွေးနွေးခြင်း စီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၂) ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများအား တိုက်ရိုက်အကျိုးရှိစေရန် စီမံကိန်းအဆိုပြုသူမှ ဆောင်ရွက်မည့်လုပ်ငန်းများကို စီမံချက်များဖြင့် စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများတွင် ပညာရေးအတွက်ကူညီပေးခြင်း၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကူညီပေးခြင်း၊ ရပ်ရွာလူမှုရေးကိစ္စရပ်များကို ကူညီပေးခြင်း၊ စီးပွားရေးမြှင့်တင်ပေးခြင်း၊ ဒေသခံများကို အလုပ်အကိုင်ခန့်ထားခြင်းနှင့် ဒေသခံများထံမှ ပစ္စည်းဝယ်ယူရေးအစီအစဉ်များပါဝင်သည့် ဒေသဖွံ့ဖြိုးရေး စီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၃) အရေးပေါ်အခြေအနေ တုံ့ပြန်ရေးစီမံချက်နှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်များနှင့် စက်ရုံမတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲထားသည့် အရေးပေါ်အခြေအနေတုံ့ပြန်ရေးနှင့် စီမံခန့်ခွဲရေးစီမံချက်တစ်ခုကိုရေးဆွဲ၍ လိုက်နာဆောင်ရွက် ရန်နှင့် ၎င်းတွင်အရေးပေါ် အခြေအနေများအတွက် ပြင်ဆင်ထားမှုများ၊ အရေးပေါ် အခြေအနေအတွက် တုံ့ပြန်ဆောင်ရွက်မည့်အဖွဲ့၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်မည့်ဆက်သွယ်ရေးလုပ်ငန်းများ၊ အရေးပေါ်အခြေအနေအား တုံ့ပြန်ရန်အတွက် အဆောက်အဦများ၊ စက်ယန္တရားများ၊ လုပ်ဆောင်မည့် လုပ်ငန်း

များအစရှိသည့် အကြောင်းအရာများအားထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၄) ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးစီမံချက်နှင့် စပ်လျဉ်း၍ တိုင်းတာရမည့်အချက် (parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့်ခါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ အချက်အလက်စီမံခန့်ခွဲခြင်း၊ တိုင်းတာရေးကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့်ထိန်းချုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့်အစီရင်ခံခြင်းစသည်တို့ကို သတ်မှတ်ဖော်ပြ၍ လိုက်နာဆောင်ရွက်ရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှ စ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေ ကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည် ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်း နှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက် ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟာစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနကသတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---